# နိုင်ငံတကာတွင် ရောက်ရှိနေသော ဗုဒ္ဓဘာသာဝင်များသို့ တိုက်တွန်းနှိုးဆော်ချက်



ကျွန်တော်တို့ ရခိုင်အမျိုးသားများမှာ ဘင်္ဂလာဒေ့ရှ်နိုင်ငံတွင် လူနည်းစု ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ကျွန်တော်တို့ နေထိုင်ရာ ဖလောင်းချိတ်(ကော့စ်ဘဇား)မြို့ နှင့် ပန်းဝါ(ရာမူး)မြို့များတွင် ရှေ့ယခင် ခေတ်အဆက်ဆက်ကပင် တည်ထားကိုးကွယ်ထားခဲ့သော စေတီပုထိုး ဘုရားကျောင်းကန် အများအပြားမှာ ယခုထက်တိုင်တည်ရှိနေပါသည်။

ကျွန်တော်တို့ ဖလောင်းချိတ်မြို့ မြို့လယ်ထိပ်ကျင်းတောင်ပေါ်တွင် လွန်ခဲ့သော ခေတ်အဆက်ဆက် တည်ထားခဲ့သော စေတီတော်တဆူရှိပါသည်။ အဆိုပါ စေတီတော်မှာ ကျူးကျော်သူ အိမ်ယာဆောက်လုပ်သူများကြောင့် ၂၀၀၀ ခုနှစ်က ပြိုပျက်သွားခဲ့ပြီး ရှစ်နှစ်ကျော်ကြာ အဆိုပါ စေတီတော် မြေနေရာမှာ ကျူးကျော်သူများ၏ လက်တွင်ရှိနေခဲ့ပါသည်။ သို့သော်လည်း လွန်ခဲ့သောနှစ်က အဆိုပါမြေနေရာကို ကံအားလျော်စွာပင် ဒေသခံရဲများ၏ အကူအညီဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။ ရယူပြီးသည်နှင့်တပြိုင်တည်း အဆိုပါ စေတီတော်နေရာ၌ နိုင်ငံတကာတွင်ရောက်ရှိနေသော ရခိုင်ဗုဒ္ဓဘာသာဝင်များ၏ အကူအညီဖြင့် ၃၈ တောင်အမြင့်ရှိသော စေတီတော်တဆူကို သုံးလအတွင်း အပြီးသတ် တည်ဆောက်နိုင်ခဲ့ပြီး စေတီတော် ထီးတော်တင်ပွဲကိုလည်း လွန်ခဲ့သော တပေါင်းလပြည့်က အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

စေတီတော်မှာ တည်ဆောက်ပြီးစီးပြီဖြစ်သော်လည်း စေတီတော်ကိုစနစ်တကျ မပြုပြင် မထိန်းသိမ်းပါက ယခင်နည်းတူ ပြိုကျပျက်စီးပြီး လူမျိုးခြားများလက်သို့ ရောက်ရှိသွားနိုင်ပါသည်။

သို့အတွက် စေတီတော်တည်နေရာ တောင်ကုန်းကို တံတိုင်းကာရံပြီး စေတီတော်ထိန်းသိမ်းရေးကို စတင်လုပ်ကိုင်နေပြီး ဖြစ်ပါသည်။ နိုင်ငံတကာရောက် ဗုဒ္ဓဘာသာဝင်များ၏ အကူအညီဖြင့် အရှေ့ဖက်မျက်နှာစာ တံတိုင်းမှာ ပြီးစီးသွားပြီ ဖြစ်သော်လည်း နောက်ထပ် သုံးဖက်ကို ပြုပြင်စရာ ကျန်နေပါသေးသည်။

စေတီတော်မှာ ရန်ကုန်မြို့တွင်တည်ရှိသော ရွှေတိဂုံစေတီတော်နှင့် လုံးဝမနှိုင်းစာနိုင်သော်လည်း တူညီမှုတခုရှိနေပါသည်။ ရန်ကုန်ကို လေယာဉ်ဖြင့်လာလျှင် ပထမဆုံး ရွှေတိဂုံစေတီတော်ကို ဦးခိုက်ရသကဲ့သို့ ဖလောင်းချိတ်မြို့သို့ လေယာဉ်ဖြင့်လာလျှင် အဆိုပါ စေတီတော်ကို ပထမဆုံး လေယာဉ်ပေါ်က ဖူးမျှော်မြင်တွေ့နိုင်ပါသည်။ စေတီတော် မှာ မြို့ အကွက်အကောင်းကျဆုံး တောင်ကုန်းပေါ်တွင် တည်ရှိသဖြင့် စေတီတော်အား ရာသက်ပန် မပြိုမပျက် တည်ရှိရေးမှာ အလွန် အရေးကြီးပါသည်။ သို့အတွက် အဆိုပါ တံတိုင်းကာရံမှုကို ဒေသခံ ကျွန်တော်တို့မှာ အပူတပြင်း ကြိုးစားလုပ်ဆောင်နေပါသည်။ သို့သော်လည်း ကျွန်တော်တို့မှာလူနည်းစုဖြစ်သည့်အပြင် စီးပွါးရေးလည်း ယခင်ကကဲ့သို့ အဆင်မပြေသဖြင့် နိုင်ငံတကာမှ ဗုဒ္ဓဘာသာဝင်များ၏ အကူအညီမရဘဲ အဆိုပါ တံတိုင်းကို ပြီးစီးအောင် ကာရံနိုင်မည်မဟုတ်ပါ။ သို့အတွက်ပါကြောင့် နိုင်ငံတကာတွင်ရောက်ရှိနေကြသော ဗုဒ္ဓဘာသာဝင်များအနေဖြင့် အဆိုပါ တံတိုင်းများ အဆောတလျင် ပြီးစီးနိုင်ရေးအတွက် အလှူငွေများထည့်ဝင်နိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(ဗုဒ္ဓဘာသာ ကွယ်ပျောက်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဒေသတခုတွင် ဗုဒ္ဓဘာသာ မတိမ်ကော မပျောက်ပျက်ရအောင် ဝိုင်းဝန်းကူညီကြပါဟု တိုက်တွန်းနှိုးဆော်လျက်)

ဆက်သွယ်ရန်။
ဘဏ္ဍာငွေ ရှာဖွေရေးဆပ်ကော်မီတီ
(၁) ဦးစန္ဒာဝရ (ဖုံး) ၀၀၈၈ (၀)၁၇၂၀၀၆၂၉၂၈
(၂) ဦးမောင်ရီ (ဖုံး) ၀၀၈၈ (၀)၁၈၁၈၀၄၈၉၂၇
(၃) ဦးမောင်ယိုင် (ဖုံး) ၀၀၈၈ (၀)၁၅၅၈၅၇၈၅၉၃
အဘယသုခ ဆုတောင်းပြည့် ထိပ်ကျင်းတောင်စေတီတော် တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေး ကော်မီတီ






